
# မက်သာဒုံးဆေးအစားထိုးကုသခြင်း
# အစီအစဉ်



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
MINISTRY OF HEALTH AND SPORTS

# မက်သာဒုံး (Methadone) ဆေးရည် သောက်သုံးသူများအတွက်

## နှစ်သိမ့်ဆွေးနွေးခြင်း (၁)


**၁။ မက်သာဒုံးနှင့်သက်ဆိုင်သည့် စတင်မိတ်ဆက်ခြင်း။**


**မက်သာဒုံးဆိုတာဘာလဲ။**

- ❖ မက်သာဒုံးသည် သဘာဝမဟုတ်သော ခေတ်မီနည်းပညာဖြင့် တီထွင်ဖန်တီးထားသော ဘိန်းဖြူအစားထိုး ဆေးဝါးတစ်မျိုးဖြစ်သည်။
- ❖ ဆေးထိုးအပ်ဖြင့် အကြောထဲထိုးသွင်းရသည့် အရာမဟုတ်ပါ။
- ❖ ဘိန်းဖြူစွဲနေသောသူများကို ကုသရာ၌ ဘိန်းအစားထိုး အသုံးပြုရသော ဆေးဝါးဖြစ်သည်။
- ❖ မူးယစ်ဆေးစွဲရောဂါကုဆေးကုဌာန၌ တရားဝင်တိုက်ကျွေးခွင့်ရသော ဆေးဝါးဖြစ်သည်။
- ❖ ဤဆေးဝါးသည် အခြားမူးယစ်ဆေးများဖြစ်သော ဆေးခြောက်၊ ဒိုင်ယာဇီပင်၊ အမ်ဖက်တမင်း (သို့) အရက် စသည်တို့ကို စွဲနေသည့်သူများကို ကုသရာ၌ အသုံးပြုရသည့် ဆေးဝါးမဟုတ်ပါ။
- ❖ မက်သာဒုံးအစီအစဉ်သည် မူးယစ်ဆေးစွဲနေသူများကို တရားမဝင် မူးယစ်ဆေးအသုံးပြုနေကြခြင်းမှ လွတ်မြောက်အောင် လမ်းစရှာဖွေပေးသည့် နည်းလမ်းတစ်ရပ်ဖြစ်ပြီး ထိုသူများကို ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး၊ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်သည်။


HADONE DISPENSING
CENTRE


CONTROLLED DRUG
Biodone Forte







## ၂။ ဘိန်းပါဝင်သောဆေးများကိုစွဲလန်းခြင်း

❖ ဘိန်းနှင့်အလားတူ ဆေးဝါး ဆိုသည်မှာ ဘိန်းမှထုတ်လုပ်ရရှိသည့် အရာများဖြစ်သည့် သဘာဝ ဘိန်းမဲ၊ ဘိန်းဖြူ၊ မော်ဖင်း၊ ကိုဒင်းနှင့် နည်းပညာဖြင့် ထုတ်လုပ်ထားသော မက်သာဒုံးတို့ဖြစ်ပါသည်။

❖ ဘိန်းဖြူ၊ ဘိန်းမဲစွဲနေသော သူများသည် ၎င်းတို့၏ ဘိန်းသုံးစွဲမှုကို အပြီးအပိုင် စွန့်လွှတ်ရန် အလွန်ခက်ခဲလေ့ရှိပါသည်။

❖ ရုပ်ပိုင်းဆိုင်ရာစွဲလန်းခြင်း

- ဆေးပြတ်လပ် (လိုအပ်)၍ ယင်းထလာသောအခါ ဖြစ်ပေါ်လာသည့် လက္ခဏာသွင်ပြင်များ

(က) နှာရည်ယိုခြင်း၊ သမ်းဝေခြင်း၊ မျက်ရည်ကျခြင်း။

(ခ) မူးဝေအော့အန်ခြင်း၊ ပါးစပ်ပျက်ခြင်း။

(ဂ) ဝမ်းလျှောခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း။

(ဃ) အဆစ်အမြစ်များကိုက်ခဲခြင်း။

(င) ဂနာမငြိမ်ခြင်းဖြစ်ခြင်း။


(စ) ချွေးထွက်များခြင်း

(ဆ) အားအင်ကုန်ခမ်းခြင်း

(ဇ) ခေါင်းကိုက်ခြင်း၊ ကိုယ်လက်များကိုက်ခဲခြင်း။

❖ စိတ်ပိုင်းဆိုင်ရာစွဲလန်းခြင်း

- ဆေးဝါးကိုလိုချင်တောင့်တမှုရှိခြင်း၊ အာသီသပြင်းထန်လာခြင်း။



## ၃။ မက်သာဒုံး၏ အာနိသင်နှင့် ကောင်းကျိုးများ

- ဘိန်းနှင့် အာနိသင်တူညီခြင်းကြောင့်
  - ဘိန်းအစားထိုး ဆေးဝါးအား အသုံးပြုနေသော ဝေဒနာရှင်လူနာများ၌ ဆေးဝါးပြတ်လပ်မှုကြောင့် ပေါ်ပေါက်လာသည့် သွင်ပြင်လက္ခဏာများ ပပျောက်ခြင်းနှင့် အတူ ဆေးကို တောင့်တနေသည့် စိတ်ဆန္ဒကိုလည်း လျော့နည်းသက်သာစေသည်။
- မျိုချရသည့် ဆေးအရည်ဖြစ်ခြင်း
  - ဆေးထိုးအပ်အသုံးပြုခြင်းကြောင့် ပေါ်ပေါက်လာနိုင်သော (ပြည်တည်အကြိတ်နာနှင့် HIV ပိုးကူးစက်နိုင်သည့် အန္တရာယ်များ၊ အသည်းရောင်၊ အသားဝါဘီပိုး၊ စီပိုးနှင့် ခန္ဓာကိုယ်အနှံ့နှင့် ဆေးထိုးထားသောနေရာတွင်ဖြစ်သော ပြည်တည်ကူးစက်ရောဂါများစသည့်) အန္တရာယ်များကို လျော့နည်းသက်သာစေသည်။
- တာရှည်ခံခြင်း (၂၄ မှ ၃၆ နာရီကြာအောင်) ကြောင့် တစ်နေ့တစ်ကြိမ်သာ အသုံးပြုရသဖြင့် အခြားအလုပ်လုပ်ရန် အချိန်ပိုမိုရရှိစေခြင်း။
- တရားဝင်ခြင်း။
- လမ်းပေါ်မှဝယ်ယူရသော မသန့်ရှင်းသည့် ဆေးဝါးများကို အသုံးပြုရခြင်းမျိုးမှ လွတ်ကင်းစေရုံသာမက အဖမ်းအဆီးခံရခြင်းနှင့် ချုပ်နှောင်ခံရခြင်း အန္တရာယ်မှလည်း လွတ်ကင်းစေသည်။

## ၄။ မက်သာဒုံးဆေးရည်အသုံးပြုပုံ

- တစ်နေ့လျှင် တစ်ကြိမ် မျှသာသောက်ရန် လိုအပ်သည်။
- ကျွမ်းကျင်သူမှ တစ်ဦးချင်းအတွက် သတ်မှတ်ပေးထားသော ဆေးပမာဏအတိုင်း သောက်သုံးရန် လိုအပ်သည်။
- လူနာများအနေနှင့် မက်သာဒုံးဆေးပေးခန်းသို့ နေ့စဉ်နေ့တိုင်း လာရောက်၍ သောက်သုံးရမည်။

## ၅။ အဓိကအကျိုးကျေးဇူးများ

မက်သာဒုံးအစားထိုးကုသပေးခြင်းအစီအစဉ်သည်


- တရားမဝင် မူးယစ်ဆေးဝါးများကို သုံးစွဲနေခြင်းမှ လျော့နည်းစေသည်။
- အထူးသဖြင့် HIV နှင့်အသဲရောင် B, C စသောသွေးမှတဆင့် ကူးစက်နိုင်သည့်ရောဂါအန္တရာယ်များမှ လျော့ချပေးသည်။
- ကျန်းမာရေးအခြေအနေကို တိုးတက်ကောင်းမွန်လာစေသည်။
- မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသော ပြစ်မှုကျူးလွန်ခြင်းများကို လျော့နည်းစေသည်။
- လူမှုရေးအသိုင်းအဝန်းများနှင့် ဆက်ဆံရသော အခြေအနေများကို (အလုပ်နှင့် မိမိ၏ မိသားစုအတွင်းဆက်ဆံရေးတွင်) ပိုမိုတိုးတက်ကောင်းမွန်လာစေသည်။
- မိမိဘဝ၏ အရည်အသွေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေသည်။

အထက်ပါ အကျိုးကျေးဇူးများသည် မိမိတစ်ဦးတစ်ယောက်စီအတွက်သာမက မိသားစုဝင်များနှင့် လူမှုအဖွဲ့အစည်းအသိုင်းအဝန်းအတွက်လည်း ဖြစ်သည်။
















# နှစ်သိမ့်ဆွေးနွေးခြင်း (၂)

## ၁။ လုပ်ဆောင်မှုအစီအစဉ်

မက်သာဒုံးအစားထိုးကုသမှုသည် ရေရှည်အစီအစဉ်ဖြစ်သည်။


အဆင့် ၂ ခု ရှိသည်။

- ❖ အစပျိုးကုသခြင်းအဆင့်ကို မူးယစ်ဆေးစွဲရောဂါကုဌာန၊ ဆေးရုံများတွင် ကုခံယူခြင်းနှင့် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရမည့် အဆင့်ကို ပြင်ပလူနာဌာနတွင် လုပ်ဆောင်ပေးပါသည်။
- ❖ အစပျိုးကုသခြင်းအဆင့်
  - • အစိုးရ မူးယစ်ဆေးစွဲရောဂါကုဌာန၊ ဆေးရုံတွင် ကုသခြင်း၊ မူးယစ်ဆေးစွဲရောဂါကုဌာနတွင် ရက်သတ္တပတ် (၂ မှ ၄ ပတ်) တက်ရောက်ကာ လူနာနှင့် သင့်လျော်သည့် ဆေးပမာဏ ရရှိသည်အထိ ဆေးရုံတက် ကုသရမည်။
- ❖ ဆက်လက်ထိန်းသိမ်းကုသခြင်း အစီအစဉ်
  - • ထို့နောက်လူနာသည် သက်ဆိုင်ရာ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ၏ ပြင်ပလူနာဌာနသို့ နေ့စဉ်နေ့တိုင်း လာရောက်၍ ဆေးဝါး သောက်သုံးရန် လိုအပ်သည်။
- ❖ ရေရှည်အစီအစဉ်ဖြစ်ခြင်း
  - • မက်သာဒုံးအစီအစဉ်၌ မည်မျှကြာမြင့်စွာ ရှိနေရမည်ဟု သတ်မှတ်ထားသည့် ကာလမရှိပါ။
- ❖ ဆေးပြန်သုံးစွဲလျှင်ဖြစ်သော အန္တရာယ်မြင့်မားမှုကြောင့် မက်သာဒုံးဆေးကုသမှုကို အလျင်အမြန် ရပ်ဆိုင်းပစ်ရန် မကြိုးစားပါနှင့်။

## ၂။ အကျိုးသက်ရောက်မှု

- ❖ သင့်လျော်သော် ဆေးပမာဏရရှိပါက ၊ ဘိန်းဖြူ ဘိန်းမဲ သုံးစွဲလို စိတ်မဖြစ်ပေါ်တော့ပါ။
- ❖ မှန်ကန်သည့် ဆေးပမာဏကို သောက်သုံးလျှင် သာမန်ထက်လွန်ကဲသော စိတ်ပျော်ရွှင်ခြင်း၊ ကိုက်ခဲနာကျင်မှု ဝေဒနာများကို ခံစားရခြင်းမျိုး မပေါ်ပေါက်စေပါ။ ယင်းထလာသည့် လက္ခဏာမျိုးကိုလည်း မပေါ်ပေါက်စေပါ။




50 mg
60 mg
90 mg




January 2010
Sunday
Monday
Tuesday
Wednesday
Thursday
Friday
Saturday

## ၃။ မက်သာဒုံး၏ အာနိသင်နှင့် ကောင်းကျိုးများ

(၁) ခေါင်းမူးနောက်ရီဝေခြင်း
(၂) ဝမ်းချုပ်ခြင်း
(၃) ချွေးထွက်လွန်ခြင်း
(၄) အာခေါင်ခြောက်ကပ်ခြင်းနှင့်
(၅) ကာမဆန္ဒလျော့နည်းခြင်း
(၆) အမျိုးသမီးများဓမ္မတာမမှန်ခြင်း



HIV
Methadone Clinic

၁။ ဖြစ်နိုင်သောအန္တရာယ်များ

❖ မှန်ကန်စွာ သုံးစွဲလျှင် အလွန်တရာ ဘေးကင်းသည့် ဆေးဖြစ်သည်။
အခြားသော မူးယစ်ထုံထိုင်းစေသည့် ဆေးဝါးများနှင့် အတူသုံးစွဲပါက ဆေးလွန်ကဲမှု ဖြစ်ပေါ်စေနိုင်သည်။
ဥပမာ - အရက်၊ ဒိုင်ယာစီပင်
ဆေးလွန်ကဲမှု လက္ခဏာများမှာ မက်သာဒုံးသောက်သုံးပြီး (၄) နာရီအတွင်း ဖြစ်ပေါ်လာလေ့ရှိသည်။

**ဆေးလွန်ကဲမှုလက္ခဏာများမှ**

(၁) သူငယ်အိမ်ကျဉ်းမြောင်းသွားခြင်း
(၂) စကားပြောရာတွင် မပီသတော့ခြင်း
(၃) လှုပ်ရှားမှုနှေးကွေးလာခြင်း
(၄) နှလုံးခုန်နှုန်းနှေးလာခြင်း
(၅) အသက်ရှူနှုန်းနှေးလာခြင်း
(၆) မေ့မြောခြင်း
(၇) အသက်ဆုံးရှုံးခြင်း



## နှစ်သိမ့်ဆွေးနွေးခြင်း အကြံပေးခြင်း (၃)

### ၁။ မက်သာဒုံးဆေးရည် သောက်သုံးမှုအစီအစဉ်

- ❖ နေ့စဉ်နံနက်တိုင်း သတ်မှတ်ချိန် (ဥပမာ - နံနက် ၈ း ၀၀ မှ ၁၂ း ၀၀ နာရီအထိ) မူးယစ်ဆေးစွဲရောဂါ ကုဌာန၊ ပြင်ပလူနာဌာနသို့ လာရောက်၍ ဆေးဝါးသောက်သုံးရန် လိုအပ်သည်။
- ❖ အစပိုင်း၌ တစ်ပတ်လျှင်တစ်ကြိမ် ဆရာဝန်မှ နောက်ဆက်တွဲ ကျန်းမာရေး စစ်ဆေးခြင်းကို လုပ်ရမည်။
- ❖ ထို့နောက်တွင်လိုအပ်လျှင် ဆေးပမာဏအချိန်အဆကို ပြောင်းလဲပေးရမည်။
- ❖ ဆေးလာသောက်သုံးရန် ( ၂ ရက် ၄ ရက်) ပျက်ကွက်ခြင်းရှိပါက ဆေးလွန်ကဲခြင်း မဖြစ်အောင် လူနာ၏ အန္တရာယ်ကင်းရေးအတွက် ဆေးအချိန်အဆကို လျှော့ချပေးရမည်။
- ❖ ၅ရက် ဆက်တိုက်(သို့) ထိုထက်ပို၍ ပျက်ကွက်ခဲ့ပါမူ ဆေးကုသခြင်း အစီအစဉ်မှ ထုတ်ပယ်ခြင်း ခံရမည်။ လူနာသည် နောက်ထပ် အစမှနေ၍ (အစပျိုးကုသခြင်းအဆင့်မှ) ပြန်စတင်ခြင်းဖြင့် အစီအစဉ်တွင် တဖန်ပြန်လည်ပါဝင်နိုင်သည်။
- ❖ မက်သာဒုံးအစီအစဉ်တွင် ဆေးဝါးကုသပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများလည်း ပါဝင်သည်။
- ❖ မက်သာဒုံးအစီအစဉ်တွင် ဆေးဝါးကုသပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများလည်း

**ဆေးဝါးအချင်းချင်းအပြန်အလှန်အကျိုးသက်ရောက်မှုရှိခြင်း**

ART နှင့် Anti TB ဆေးဝါးများ မက်သာဒုံး အာနိသင်ကို ကျဆင်းစေပါသည်။


မက်သာဒုံးနှင့် ၄င်းဆေးများကို တွဲဖက်သုံးစွဲပါက မက်သာဒုံးဆေးပမာဏကို လိုအပ်သလိုပြောင်းလဲရပါမည်။ အကယ်၍ ယင်းထသည့် လက္ခဏာများ ပေါ်ပေါက်လာပါက ဆရာဝန်ထံ အမြန်ဆုံးအကြောင်းကြားရမည်။





STI
TB







၁ရက် + ၂ရက် → ၁ ၂ ၃ ၄



## ၂။ ဖြစ်လာနိုင်သောအန္တရာယ်များ

ဆေးလွှန်ကဲခြင်း

- ❖ မက်သာဒုံးဆေးသည်လည်း ဘိန်းဖြူကဲ့သို့ ဆေးလွန်ကဲမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။
- ❖ မက်သာဒုံးဆေးကို အရက်၊ ဒိုင်ဇီပိုင်ယာဇီပင်နှင့် အခြားမူးယစ်ဆေးဝါးများ တွဲဖက်သုံးစွဲမိပါက ဆေးလွန်ကဲမှုအန္တရာယ် ပိုများစေနိုင်သည်။
- ❖ မက်သာဒုံးဆေးသုံးစွဲမှုကို ရပ်တန့်ပြီး အခြားမူးယစ်ဆေးဝါးများကို ပြန်လည်သုံးစွဲမည်ဆိုပါက ဆေးလွန်ကဲမှု ဖြစ်နိုင်ချေ ပိုများလာနိုင်ပါသည်။



၃။ **လိုက်နာရန်စည်းကမ်းများ**

- ❖ အချိန်တိကျမှုရှိပါစေ၊ နောက်ကျခဲ့ပါက မက်သာဒုံးဆေးရည် ၄င်းနေ့အဖို့ သောက်ရတော့မည် မဟုတ်ပါ။
- ❖ အရက်၊ ဘိန်းဖြူနှင့် ဒိုင်ယာဇီပင်ကဲ့သို့သော မူးယစ်စေသည့် ဆေးဝါးများကို သောက်သုံးပြီး မက်သာဒုံးဆေးအား သောက်သုံးရန် မလာပါနှင့်။ ထိုကဲ့သို့ အခြေအနေမျိုးနှင့် မက်သာဒုံးဆေးအား သောက်သုံးရန်လာရောက်ခဲ့သော် သင့်အားပေးထားသော ဆေးပမာ လျှော့ချခြင်းခံရမည်။ သို့မဟုတ် ဆေးလုံးဝမပေး ငြင်းပယ်ခြင်းခံရမည်။
- ❖ ဝန်ထမ်းများနှင့် အခြားလူနာများကို လေးစားမှုရှိပါ။ သူတစ်ပါးအား စိတ်အနှောက်အယှက်ဖြစ်စေသော အပြုအမူ အပြောအဆိုများကို မပြုလုပ်ပါနှင့်။
- ❖ ရုံးအဆောက်အဦနှင့် ရုံးပိုင်ပစ္စည်းများကို လေးစာမှုရှိပါ။ သင်၏ ပတ်ဝန်းကျင်ကိုလည်း ဖျက်ဆီးပစ်ခြင်း မပြုလုပ်ရ။ ၄င်းသည် သင်တို့ အတွက်သာဖြစ်သည်။
- ❖ မည်သည့်ရမ်းကား ကြမ်းတမ်းသည့် အပြုအမူကိုမှ သီးခံခွင့်လွှတ်လိမ့်မည်မဟုတ်ပါ။

လိုအပ်သလို အရေးယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။







